[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**ဇန္နဝါရီလ ၁၆ ရက်၊ ၂၀၂၄ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဇန္နဝါရီလ ၁-၁၄ ရက်နေ့ထိ၊၂၀၂၄ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ - ဒီဇင်ဘာလ၃၁ရက်၊ ၂၀၂၃ | ဇန္နဝါရီလ ၁-၁၄ ရက်၊ ၂၀၂၄ | စုစုပေါင်း |
|---|---|---|---|---|
| **၁** | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၉၄ | ၁ | ၄၉၅ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၃ | | ၃၇၃ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၅၂၄ | ၁ | ၅၂၅ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၃၉၉ | ၁၀ | ၁၄၀၉ |
| | ဒီးမော့ဆိုမြို့နယ် | ၆၂၇ | ၃ | ၆၃၀ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၇၇ | ၅ | ၃၈၂ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဒီဇင်ဘာလ ၃၁ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် ဇန္နဝါရီလ ၁-၁၄ ရက်၊ ၂၀၂၄ ခုနှစ်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၈၂၆၁၅** | | **၂၈၂၆၁၅** |


စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဖေဖော်ဝါရီလ ၁-၁၄ ထိ၊၂၀၂၄ ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
Nam Thabet
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ရှားတော
ဒီးမော့ဆို
ဖရူဆို
ဘောလခဲ
ရွာသစ်
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ဘီပီ - ၉
ဘီပီ - ၁၀
ဘီပီ - ၁၁
ဘီပီ - ၁၂
ဘီပီ - ၁၃
ဘီပီ - ၁၄
ဘီပီ - ၁၅
ဘီပီ - ၁၆
#၁
#၂ ထိုင်းနိုင်ငံ
ကရင်ပြည်နယ်
အညွှန်း
မြို့နယ်
လေကြောင်းဗုံးကြဲတိုက်ခိုက်မှု
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
KA + KNDF + KNPLF + LPDF နှင့် စကစ တိုက်ပွဲနေရာများ
တည်ဆောက်ရန် လျာထားသည့်ရေကာတာများ
တည်ဆောက်ပြီးရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
သိမ်းပိုက်ခြင်းခံ (သို့) ဆုတ်ခွါသွားသောတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers
Source: Esri, Maxar, Earthstar Geographics, and the GIS User Community

**တပ်စခန်းများ ဆုံးရှုံးသော စစ်ကောင်စီတပ်များ ဖယ်ခုံမြို့အား စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ၂၀ ကြိမ် တုံ့ပြန်တိုက်ခိုက်**

ဖယ်ခုံမြို့အတွင်းရှိ ရဲစခန်းအပါအဝင် စစ်ကောင်စီတပ်စခန်းနှစ်ခုအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ဇန်နဝါရီလ ၈-၁၀ ရက်နေ့တွင် သိမ်းပိုက်ခဲ့သည်။ စစ်ကောင်စီတပ်များမှ ဖယ်ခုံမြို့အား လေကြောင်းဖြင့် ၂၀ ကြိမ် ပစ်ကူတိုက်ခိုက်ခဲ့သည်။ ထို့အပြင် ဖယ်ခုံမြို့အတွင်း ပိတ်မိနေသူများအား စက်လှေဖြင့် လာရောက်ကယ်ထုတ်ချိန်တွင် စစ်ကောင်စီတပ်များမှ စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

ဇန္နဝါရီလ ၁ ရက်၊ ၂၀၂၄ခုနှစ်၊ နှစ်သစ်ကူးနေ့တွင် စစ်ကောင်စီများမှ လွိုင်ကော်မြို့ မြို့ပေါ်ရှိ ရပ်ကွက် အသီးသီးသို့ လက်နက်ကြီးများဖြင့် ၁၀၀ ကျော်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးများစွာဖြင့် ပစ်ခတ်တိုက်ခိုက် ခဲ့သည့်အတွက် လွိုင်ကော်မြို့မှ အဆောက်အဦးများထိမှန်ပျက်စီးခြင်းနှင့် မီးလောင်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ဇန္နဝါရီလ ၄ ရက်၊ ၂၀၂၄ ခုနှစ်၊ ကရင်နီပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း နေအိမ်ပြန်ကြည့်သည့် အသက် ၄၄ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး စစ်ကောင်စီထောင်ထားခဲ့သည့် မြေမြှုပ်မိုင်းနင်းမိကာ ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

ဇန္နဝါရီလ ၈ရက်၊ ၂၀၂၄ ခုနှစ်၊ ဖယ်ခုံမြို့နယ်အတွင်းရှိ ကုန်းဆုံဘုန်းကြီးကျောင်းတွင် တပ်စွဲထားသော စစ်ကောင်စီတပ်အား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး စစ်ကောင်စီတပ်များ ၁၀ ဦး သေဆုံးသွားခဲ့သည်။


ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ဖယ်ခုမြို့ ရစခန်းအား သိမ်းပိုက်


ဒေါ်တမငယ်ရပ်ကွက်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခံရ၊ ဒီးမော့ဆို

ဇန္နဝါရီလ ၉ရက်၊ ၂၀၂၄ ခုနှစ်၊ ဖယ်ခုံမြို့နယ်အတွင်း ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲပြင်းထန်ခဲ့ပြီး တိုက်ပွဲအတွင်း ပိတ်မိပြည်သူများအား စက်လှေဖြင့် လာရောက်ကယ်ထုတ်ချိန်တွင် စစ်ကောင်စီတပ်မှ စက်သေနတ်များဖြင့် ပစ်ခတ်ခဲ့သည်။ ပစ်ခတ်မှုအတွင်း ပြည်သူတစ်စုံတစ်ရာ ထိခိုက်မှုမရှိဘဲ စက်လှေနှစ်စီးသာ အနည်းငယ် ထိခိုက်ပျက်စီးခဲ့ပါသည်။

ဇန္နဝါရီလ ၁၀ရက်၊ ၂၀၂၄ ခုနှစ်၊ ဖယ်ခုံမြို့၊ ရဲစခန်းတွင် တပ်စွဲထားသော စစ်ကောင်စီတပ်အား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ သိမ်းပိုက်ရရှိပြီးဖြစ်ကြောင်း ဖယ်ခုံပြည်သူ့ကာကွယ်ရေးတပ်မှ ၎င်းတို့၏ လူမှုစာမျက်နှာပေါ်တွင် တင်ပြသည်။

ဇန္နဝါရီလ ၈ ရက် - ၁၀ ရက်နေ့အတွင် ဖယ်ခုံမြို့အား စစ်ကောင်စီတပ်များမှ လေကြောင်းဖြင့် အကြိမ် ၂၀ နီးပါးတိုက်ခိုက်ခသည်။ ထိခိုက်ဒဏ်ရာ၊ သေဆုံးသည့် ပြည်သူများ၏ စာရင်းနှင့် ပျက်စီးဆုံးရှုံးသွားသော အဆောက်အဦးများ၏ စာရင်းများအား အတိအကျမသိရှိရသေးပေ။

ဇန္နဝါရီလ ၁၂ရက်၊ နံနက် ၉ နာရီအချိန်ခန့်၌ တိုက်ပွဲဖြစ်ပွားခြင်း မရှိသည့် ဒီးမော့ဆိုမြို့နယ်၊ ဒေါ်တမငယ်ရပ်ကွက်အနီးတွင် စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဗုံးကြဲခဲ့ခြင်းကြောင့် နေအိမ် သန့်ရှင်းရေးပြန်လုပ်သည့် အသက် ၅၀ ဝန်းကျင်အရွယ်ရှိ အမျိုးသားတစ်ဦး ထိမှန်သေဆုံးခဲ့ပါသည်။ သည့်အပြင် စစ်ကောင်စီတပ် ခမရ ၄၂၇၊ ခလရ ၁၀၂ တပ်မှ လက်နက်ကြီးများဖြင့်လည်း ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ လက်နက်ကြီးများ၊ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အဆောက်အဦးအချို့ ထိခိုက် ပျက်စီးခဲ့ပါသည်။

**ontact persons:**
Khu Ko Reh Tel: +66 6 5329 7814

Khu Ruby Tel: +66 6 24251608
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com